## Template for mapping procedures, time and cost

| စဉ် | လုပ်ငန်းစဉ်ဖော်ပြချက် | သက်ဆိုင်ရာဌာန | ကြာမြင့်ချိန် | ကုန်ကျစရိတ် | ကျိုးကြောင်းဖော်ပြချက်/ရှင်းလင်းချက် (လုပ်ငန်းစဉ်၊ ကြာချိန်နှင့် ကုန်ကျစရိတ်) |
|---|---|---|---|---|---|
| ၁ | ပိုင်ဆိုင်မှုတန်ဖိုးဖြတ်ခြင်း | ပြည်တွင်းအခွန်များ ဦးစီးဌာန | ၂ ပတ် အတွင်း | မရှိပါ။ | **လုပ်ငန်းစဉ်** - ကျသင့်အခွန် ထမ်းဆောင်နိုင်ရန် အခြေပစ္စည်းအား တန်ဖိုးဖြတ်ခြင်း ဖြစ်ပါသည်။<br>**ကြာမြင့်ချိန်** - ညွှန်ကြားလွှာအမှတ်၊ ၂၁/၂၀၁၇(ပူးတွဲ-၁)တွင် အသေးစိတ် ဖော်ပြထားပြီး ဖြစ်ပါသည်။<br>**ကုန်ကျစရိတ်** - မရှိပါ။ |
| ၂ | တံဆိပ်ခေါင်းခွန်ထမ်းဆောင်ခြင်း | ပြည်တွင်းအခွန်များ ဦးစီးဌာန | ၁ ရက် | မရှိပါ။ | **လုပ်ငန်းစဉ်** - အခြေပစ္စည်းများ လွှဲပြောင်းခြင်းအား တရားဥပဒေနှင့်အညီ လွှဲပြောင်းခြင်း ဖြစ်စေရန်<br>**ကြာမြင့်ချိန်** - သက်ဆိုင်ရာအခွန်ရုံးမှ တံဆိပ်ခေါင်းခွန် တွက်ချက်ဖော်ပြထားသည့်ချလန် ရယူပြီး သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ပေးဆောင်ပြီးနောက် ချလန်ဖြတ်ပိုင်းဖြင့် သက်ဆိုင်ရာ အခွန်ရုံးတွင် ထိုက်သင့် တံဆိပ်ခေါင်း ထုတ်ယူရပါမည်။<br>**ကုန်ကျစရိတ်** - မရှိပါ။ |

**Trading Across Border Indicators**
**Template for mapping procedures, time and cost**
**( ပြည်တွင်းအခွန်များဦးစီးဌာန )**

| No | Description of Procedure | Agency responsible | Time | Cost (ကျပ်) | Justification (of procedure, time taken and cost) |
|---|---|---|---|---|---|
| ၁ | ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်း | IRD | ၁၅ မိနစ် | အကောက်ခွန် ဦးစီးဌာနမှ သတ်မှတ်သည့် ကုန်စည် တန်ဖိုး၏ ၂.၀၀% | - ကုန်သွယ်လုပ်ငန်းခွန် (၂.၀၀%)အား ဘဏ်သို့ တိုက်ရိုက်ပေးဆောင်စေပါသည်။ |

## မြေ၊ အိမ်၊ တိုက်ခန်း၊ အဆောက်အအုံအစရှိသည့်အခြေပစ္စည်းများဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ တည်ဆောက်ခြင်း၊ပြုပြင်ခြင်းများအတွက် ဝင်ငွေခွန်နှင့်တံဆိပ်ခေါင်းခွန်ပေးဆောင်နိုင်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ အခြေပစ္စည်းဆိုသည်မှာမြေ၊ဆောက်အအုံနှင့်ယင်းတို့၏အခန်းများ၊ယာဉ်နှင့်လုပ်ငန်းဆိုင်ရာမတည်ပစ္စည်းကိုဆိုလိုပါသည်။ ယင်းစကားရပ်တွင် အစုရှယ်ယာနှင့်ကတိဝန်ခံချုပ်တို့အပြင် ငွေချေးသက်သေခံလက်မှတ်များ၊ ယင်းတို့ကဲ့သို့သောအလားတူ စာချုပ်စာတမ်းများလည်း ပါဝင်ပါသည်။

၂။ အခြေပစ္စည်းတွင်ပါဝင်သည့် မြေ၊အဆောက်အအုံနှင့်ယင်းတို့၏အခန်းများကို ဝယ်ယူခြင်း၊ရောင်းချခြင်း၊ လဲလှယ်ခြင်း၊တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းဆောင်ရွက်ပါက-

(က) ရန်ကုန်မြို့နှင့်မန္တလေးမြို့စည်ပင်သာယာနယ်နိမိတ်အတွင်းရှိအခြေပစ္စည်းဖြစ်ပါက ရန်ကုန်/မန္တလေးတိုင်းဒေသကြီးကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ထံသို့လည်းကောင်း၊

(ခ) ရန်ကုန်မြို့နှင့် မန္တလေးမြို့စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်များဖြစ်ပါက အခြေပစ္စည်းတည်ရှိရာ မြို့နယ်ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ (မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ)ထံသို့လည်းကောင်း၊

တင်ပြ၍ ကာလတန်ဖိုးစိစစ်သတ်မှတ်ချက်ရယူပြီး၊ ကျသင့်ဝင်ငွေခွန်နှင့်ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်များ ပေးဆောင်ရမည်ဖြစ်ပါသည်။

၃။ လုပ်ဆောင်မှုအမျိုးအစားများအလိုက် တင်ပြရမည့်စာရွက်စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **မြေနှင့်အဆောက်အအုံရောင်းချခြင်း/ဝယ်ယူခြင်း**

(၁) ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဂရန်မြေဖြစ်ပါကမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ စည်ပင်သာယာနယ်နမိတ်ပြင်ပနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များ၏ မြို့နယ်အတွင်းရှိဂရန်မြေဖြစ်ပါက လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းဦးစီးဌာနက ထုတ်ပေးသောမြေရာဇဝင်ပုံစံ ၁၀၅နှင့်ပုံစံ ၁၀၆ မူရင်း/ မိတ္တူ (သို့မဟုတ်) ဂရန်မရရှိသေးသည့် ခွင့်ပြုချထားမြေဖြစ်ပါကသက်ဆိုင်ရာမြေယာကော်မတီသို့ ပေးသွင်းသည့် မြေယာဖော်ထုတ်စရိတ်နှင့် မြေယာစီမံခန့်ခွဲမှုစရိတ် ပေးသွင်းသည့် ငွေသွင်းချလန်မူရင်းနှင့်မိတ္တူများ၊အရောင်း၊ အဝယ်စာချုပ် မူရင်း/ မိတ္တူ၊

(၂) ဝယ်ယူသူနှင့်ရောင်းချသူ၏ နိုင်ငံသားစိစစ်ရေးကဒ်ပြားမူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆မူရင်း/မိတ္တူနှင့်ရောင်းချသူနှင့်ဝယ်ယူသူတို့ကိုယ်စားဆောင်ရွက်သည့် ကိုယ်စားလှယ်ဖြစ်ပါက ဝယ်ယူသူ၊ရောင်းချသူတို့က လွှဲအပ်သောကိုယ်စားလှယ်လွှဲစာနှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြားမူရင်း / မိတ္တူနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံမူရင်း/မိတ္တူ၊

(၃) မြေကွက်ဓါတ်ပုံ(ရှေ့၊နောက်၊ဘေး၂ဘက်)၊

(၄) မြေငှားစာချုပ်(ဂရန်) မူရင်း/မိတ္တူ၊

(၅) အရောင်းအဝယ်စာချုပ် မူရင်း/မိတ္တူ၊

(ခ) မြေနှင့်အဆောက်အအုံအားမေတ္တာဖြင့်ပေးကမ်းခြင်း

(၁) အထက်စာပိုဒ် ၃စာပိုဒ်ခွဲ(က) စာပိုဒ်ခွဲငယ် (၁) ပါ မူရင်းနှင့်မိတ္တူများ၊

(၂) ပေးကမ်းသူနှင့်လက်ခံသူ၏ နိုင်ငံသားစိစစ်ရေးကဒ်ပြားမူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆မူရင်း/မိတ္တူနှင့် ပေးကမ်းသူနှင့်လက်ခံသူတို့ ကိုယ်စားဆောင်ရွက်သည့်ကိုယ်စားလှယ်ဖြစ်ပါကပေးကမ်းသူ၊ လက်ခံသူတို့က လွှဲအပ်သောကိုယ်စားလှယ်လွှဲစာနှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြားမူရင်း/မိတ္တူနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆မူရင်း/မိတ္တူ၊

(၃) မြေကွက်ဓါတ်ပုံ(ရှေ့၊နောက်၊ဘေး၂ဘက်)၊

(၄) မြေငှားစာချုပ်(ဂရန်) မူရင်း/မိတ္တူ၊

(၅) မေတ္တာဖြင့်ပေးကမ်းခြင်း(အရပ်စာချုပ်)မူရင်း/မိတ္တူ၊

(၆) ပေးကမ်းသူ၏အခြားအမွေဆက်ခံမည့်သူများရှိပါကပေးကမ်းမှုကိုသိရှိပါကြောင်းနှင့်၎င်းတို့၏ပိုင်ဆိုင်မှုများကိုပေးကမ်းစွန့်လွှတ်ကြောင်းကျမ်းကျိန်လွှာမူရင်း၊

(၇) ဂရန်အမည်ပေါက်မြေနှင့်အဆောက်အအုံပိုင်ဆိုင်ခဲ့သည့်မိဘများကွယ်လွန်ပြီးနောက် သားသမီးတစ်ဦးဦး(သို့မဟုတ်)တစ်ဦးထက်ပိုမိုသော သားသမီးများအား အမွေဆက်ခံစေသည့်ကိစ္စရပ်များအတွက် အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်သည့်မြွက်ဟကြေညာစာချုပ်နှင့်မေတ္တာဖြင့်ပေးကမ်းခြင်းမှာ နောင်တစ်ချိန်တွင်ပျက်ပြယ်ကြောင်း(သို့မဟုတ်) မေတ္တာမြောက်ပေးကမ်းခြင်းမမြောက်ကြောင်း ပေါ်ပေါက်လာပါကနိုင်ငံတော်၏အခွန်ငွေများဆုံးရှုံးမှုမရှိစေရန် ခံဝန်တင်သွင်းသည့်စာချုပ်။

(ဂ) မြေ၊အဆောက်အအုံလဲလှယ်ခြင်း

(၁) အထက်စာပိုဒ် ၃ စာပိုဒ်ခွဲ(က) စာပိုဒ်ခွဲငယ် (၁) ပါ မူရင်းနှင့်မိတ္တူများ၊

(၂) လဲလှယ်သူနှစ်ဦး၏ နိုင်ငံသားစိစစ်ရေးကဒ်ပြားမူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ ၆၆/၆မူရင်း/မိတ္တူနှင့် ရောင်းချသူနှင့်ဝယ်ယူသူတို့ ကိုယ်စား ဆောင်ရွက်သည့် ကိုယ်စားလှယ်ဖြစ်ပါက ဝယ်ယူသူ၊ရောင်းချသူတို့က လွှဲအပ်သော ကိုယ်စားလှယ်လွှဲစာနှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြားမူရင်း/မိတ္တူနှင့် အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ ၆၆/၆မူရင်း/မိတ္တူ၊

(၃) မြေကွက်ဓါတ်ပုံ(ရှေ့၊နောက်၊ဘေး၂ဘက်)၊

(၄) မြေငှားစာချုပ်(ဂရန်) မူရင်း/မိတ္တူ၊

(၅) နှစ်ဦးသဘောတူလဲလှယ်ခြင်းစာချုပ် မူရင်း/မိတ္တူ။

(ဃ) အဆောက်အအုံတည်ဆောက်ခြင်း/ပြုပြင်ခြင်း/ တိုးချဲ့ခြင်း

(၁) အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်၊

(၂) စည်ပင်သာယာရေးကော်မတီမှ အတည်ပြုထားသည့် အဆောက်အအုံပုံစံနှင့် ခန့်မှန်းကုန်ကျစရိတ်၊

(၃) အဆောက်အအုံဓါတ်ပုံ(ရှေ့၊နောက်၊ဘေး၂ဘက်)

(၄) အဆောက်အအုံပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်မူရင်း/မိတ္တူနှင့်အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ ၆၆/၆မူရင်း/မိတ္တူ၊

(၅) တင်ဒါစနစ်ဖြင့်ဆောင်ရွက်ခြင်းဖြစ်ပါက တင်ဒါအောင်မြင်သည့် အထောက်အထား၊ လုပ်ငန်းအပ်နှံခြင်းသဘောတူစာချုပ်၊ ကြိုတင်ခွန်ပေးသွင်းထားသည့် ချလန် အထောက်အထား၊

(၆) ကန်ထရိုက်စနစ်ဖြင့်တည်ဆောက်ခြင်းဖြစ်ပါက ကန်ထရိုက်တာလိုင်စင်၊ သဘောတူစာချုပ်။

၄။ ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ သတ်မှတ်ပေးသည့်တန်ဖိုးအပေါ် အခွန်ကိစ္စဆောင်ရွက်ရန်နှင့်ကျသင့်ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်များထမ်းဆောင်နိုင်ရန်အတွက် အခြေပစ္စည်းတည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ဆက်သွယ်၍ အောက်ပါအတိုင်းဆက်လက်ဆောင်ရွက်ရပါမည်-

(က) အခြေပစ္စည်းဝယ်ယူခြင်း သို့မဟုတ် တည်ဆောက်ခြင်းဖြစ်ပါက ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့၏ သတ်မှတ်တန်ဖိုးအပေါ်တွင် ဝယ်ယူခြင်းအတွက် တံဆိပ်ခေါင်းခွန် ၂% နှင့် အပိုတံဆိပ်ခေါင်းခွန်၂%

၂၀၁၇ခုနှစ်ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရဝင်ငွေရလမ်းတင်ပြနိုင်သည့်ဝင်ငွေအား နုတ်ပယ်ပြီး စည်းကြပ်မှုမှလွတ်ကင်းနေသောကျန်ဝင်ငွေအပေါ်တွင်လည်းကောင်း၊ဝင်ငွေရလမ်း တင်ပြနိုင်ခြင်းမရှိပါကအသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ပါအခွန်နှုန်း ထားအတိုင်း ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ပြီး အသုံးပြုသည့်ဝင်ငွေအပေါ် ဝင်ငွေရလမ်း တင်ပြနိုင်ပါကဝင်ငွေခွန်ပေးဆောင်ရန် မလိုအပ်ပါ-

| | ဝင်ငွေ (ကျပ်) | | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|---|
| (၁) | ၁ | မှ | ၃၀,၀၀၀,၀၀၀ | ၁၅% |
| (၂) | ၃၀,၀၀၀,၀၀၁ | မှ | ၁၀၀,၀၀၀,၀၀၀ | ၂၀% |
| (၃) | ၁၀၀,၀၀၀,၀၀၁ | နှင့် | အထက် | ၃၀% |

(ခ) မေတ္တာဖြင့်ပေးကမ်းခြင်းမှန်ပါက အထက်စာပိုဒ် ၃၊ စာပိုဒ်ခွဲ(ခ)ပါ အထောက်အထားများ တင်ပြ၍ မေတ္တာဖြင့်ပေးကမ်းခြင်းနှင့် အကျုံးဝင်ခြင်းရှိ/မရှိစိစစ်မှုခံယူရန်၊ မေတ္တာဖြင့် ပေးကမ်းခြင်းမြောက်ပါက ဝင်ငွေခွန်ပေးဆောင်ရန်မလိုအပ်ဘဲ သတ်မှတ်တန်ဖိုးအပေါ်တွင် တံဆိပ်ခေါင်းခွန် ၄% ကိုသာ ထမ်းဆောင်ရပါမည်။

(ဂ) ဝင်ငွေရလမ်းစိစစ်မှုခံယူခြင်း၊ ကျသင့်ဝင်ငွေခွန်ပေးသွင်းခြင်းအစရှိသည့် အခွန်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပြီးစီးပါက ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့က သတ်မှတ်သည့် တန်ဖိုးအပေါ်ထိုက်သင့်သည့် အခွန်တံဆိပ်ခေါင်းခွန် ၄% ကို မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး တွင်ဝယ်ယူ၍ စာချုပ်ချုပ်ဆိုရမည် ဖြစ်ပါသည်။

(ဃ) အခြေပစ္စည်းသို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်လျှင် ထိုသို့ပြုလုပ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ဝင်ငွေကြေညာလွှာ ပေးပို့ရမည် ဖြစ်ပြီး ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဖြင့် နှစ်စဉ်ပြဋ္ဌာန်းထားသည့် ရောင်းရငွေ ပမာဏထက်ကျော်လွန်ပါက မြတ်စွန်းငွေအပေါ်တွင် ၁၀% ဖြင့် ဝင်ငွေခွန်ကျသင့်မည် ဖြစ်ပါသည်။

(င) မြန်မာနိုင်ငံရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်နေသောကုမ္ပဏီများ ဖြစ်ပါက အောက်တွင် မြတ်စွန်းငွေနှင့်ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့် ငွေကြေး အမျိုးအစားများဖြင့်ဝင်ငွေခွန်စည်းကြပ်ရမည်ဖြစ်ပါသည်-

| စဉ် | မြတ်စွန်းငွေ | | | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|---|---|---|
| (၁) | ညီမျှကျပ် သန်းပေါင်း | (၁၀၀,၀၀၀) | အထိ | ၄၀% |
| (၂) | ,, | (၁၀၀,၀၀၁) မှ (၁၅၀,၀၀၀) | အထိ | ၄၅% |
| (၃) | ,, | (၁၅၀,၀၀၁) | နှင့်အထက် | ၅၀% |

၅။ ချုပ်ဆိုမည့်စာချုပ်စာတမ်းအတွက် ထိုက်သင့်သည့်တံဆိပ်ခေါင်းကိုဝယ်ယူ၍ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိရုံးတွင် မှတ်ပုံတင်ပြီးနောက် သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီ (သို့မဟုတ်) မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာန (သို့မဟုတ်) ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့တွင် ဝယ်ယူသူ(သို့မဟုတ်) လွှဲပြောင်းရယူသူ၏ အမည်ပေါက်ဂရန်ရရှိရေး လျှောက်ထားခြင်းကို ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၆။ တည်ဆောက်ခြင်းဖြစ်ပါက အခွန်ဆိုင်ရာလိုက်နာဆောင်ရွက်ပြီးကြောင်း အထောက်အထားဖြင့် လူနေထိုင်ခွင့် ခွင့်ပြုမိန့်ရယူရန်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) ဖုန်းနံပါတ်(၀၁-၃၇၈၃၇၀)(၀၁-၃၇၈၃၇၂) နှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ဖုန်းနံပါတ် (၀၂-၃၀၁၉၂) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

# Trading Across Border Indicators
## Template for mapping procedures, time and cost
## ( ပြည်တွင်းအခွန်များဦးစီးဌာန )

| No | Description of Procedure | Agency responsible | Time | Cost (ကျပ်) | Justification (of procedure, time taken and cost) |
|---|---|---|---|---|---|
| ၁ | ကြိုတင်ဝင်ငွေခွန်ကောက်ခံခြင်း | IRD | ၁၅ မိနစ် | အကောက်ခွန် ဦးစီးဌာနမှ သတ်မှတ်သည့် ကုန်စည် တန်ဖိုး၏ ၂.၀၀% | - ကြိုတင်ဝင်ငွေခွန် (၂.၀၀%)အား ဘဏ်သို့ တိုက်ရိုက်ပေးဆောင်စေပါသည်။ |